To Restore "Self-Determination Rights" to the Mon People

ဂကောံပံင်ကောံပရေင်ဂကူမန်
Mon Affairs Union

# မွန်အမျိုးသားရေးရာအဖွဲ့ချုပ် (MAU) ၏
# ၂၁ ရာစု ပင်လုံညီလာခံဖြစ်ပေါ်ရေးကြိုဆိုထောက်ခံကြောင်း
# ထုတ်ပြန်ကြေငြာချက်

ဤ ၂၁ ရာစုအတွင်း ကမ္ဘာ့လူသားများဆင်းရဲဒုက္ခအပေါင်းမှ ကင်းဝေးရေး၊ ကူးစက်ရောဂါများ ပပျောက်ရေး၊ အေးချမ်းသာယာဝပြောသော လူမှုဘဝဖြင့် ရပ်တည်ရေးစသည့် ငြိမ်းချမ်းသော ကမ္ဘာကြီးအတွက် ခေါင်းဆောင်အသီးသီးတို့က မိမိတို့တာဝန်ကြီးအဖြစ်ခံယူကာ အချင်းချင်းတွေ့ဆုံ ဆွေးနွေးတိုင်ပင် အဖြေရှာကြိုးပမ်းနေကြပါသည်။ ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တစ်ဆို့ နေသော နိုင်ငံရေးပြဿနာများကိုလည်း အမျိုးသားနိုင်ငံရေးခေါင်းဆောင်များ၊ လူထုခေါင်းဆောင်များတို့ သည်လည်း အချင်းချင်းညှိနှိုင်းဆွေးနွေးကာ အဖြေရလာဒ်ကောင်းအတွက် ၂၁ ရာစုပင်လုံညီလာခံ ဖြစ်ပေါ်ရေး ခြေလှမ်းပြင်အင်အားစုနေကြပါသည်။

၂၀ ရာစု (၁၉၄၇ ခု၊ ဖေဖော်ဝါရီလ၊ ၁၂ ရက်) အတွင်းက ပင်လုံညီလာခံသဘောတူညီချက်များ၊ ပဋိညာဉ်များမှတဆင့် အမျိုးသားစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်အရင်းခံဖြင့် ဝိုင်းဝန်းတိုက်ပွဲဝင်ခဲ့သောကြောင့် တောင်တန်းဒေသတိုင်းရင်းသားလူမျိုးများနှင့် ဗမာလူမျိုးများတို့သည် နယ်ချဲ့လက်အောက်မှ အတူတကွလွတ်လပ်ရေး ရရှိခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ ခေါင်းဆောင်အသီးသီး တို့က ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ် ပြန်လည်တည်ဆောက်ရေးအတွက် ညီလာခံအဆင့် ဆင့် တွေ့ဆုံဆွေးနွေးပွဲအမျိုးမျိုး၊ နှီးနှောဖလှယ်ပွဲအသွယ်သွယ်တို့ ပြုလုပ်နေခဲ့သောကြောင့် အပြန် အလှန်နားလည်မှု အချင်းချင်းယုံကြည်လေးစားမှု စုစည်းညီညွတ်မှု အတော်အတန် ရရှိခဲ့ပြီးဖြစ်ပါသည်။

ဤယနေ့ဤအချိန်သည် ပြည်သူလူထုများ၏ တောင်းဆိုချက်ဖြစ်သော လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး နှင့် တိုင်းရင်းသားများ၏ တောင့်တချက်ဖြစ်သော တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ ပေါင်းစပ်ထား သော စစ်မှန်သောပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးတံခါး ဖွင့်လှစ်ရန် အလိုအပ်ဆုံးအချိန်ကာလ ဖြစ်ပါသည်။ ဤအလိုအပ်ဆုံးကာလတွင် အမျိုးသားနိုင်ငံရေး

ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီခေါင်းဆောင်တို့ ကလေးမြို့ကြေငြာစာတမ်းသဘောတူညီချက်နှင့် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်မှ သက်ဆိုင်သူတို့ စုံစုံလင်လင်ပါဝင်သော ၂၁ ရာစုဒုတိယအကြိမ်မြောက် ပင်လုံညီလာခံဖြင့် ဦးဆောင်ကြိုးစားသွားမည်ဟု ကတိပေးထားမှုကို မိမိတို့မှ ချီးကျူးလေးစားမိပါသည်။

ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်အရင်းခံသည့်စိတ်ဓာတ်နှင့် ခေတ်အခြေအနေလိုက်လျောညီထွေနည်းလမ်းကောင်းတို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်သူလူထုတရပ်လုံး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ၂၁ ရာစုပင်လုံညီလာခံ အမြန်ဆုံးဖြစ်ပေါ်ရေးအတွက် အဖွဲ့အစည်းအသီးသီး၊ လူထုတရပ်လုံးတို့က ကိုယ်စီတာဝန်မျှယူကြပါရန် တိုက်တွန်းအပ်ပါသည်။ တပြိုင်တည်း ဤညီလာခံကြီးဖြစ်ပေါ်ရေးကိုလည်း မိမိတို့ မွန်အမျိုးသားရေးရာအဖွဲ့ချုပ်မှ ကြိုဆိုထောက်ခံအပ်ပါသည်။

ရက်စွဲ – ၃/၀၁/၂၀၁၁

ဗဟိုအလုပ်မှုဆောင်ကော်မတီ
မွန်အမျိုးသားရေးရာအဖွဲ့ချုပ်

ဆက်သွယ်ရန်
နိုင်လရီရော့ (အထွေထွေအတွင်းရေးမှူး)
Mobile Ph: +၆၆ (၀) ၈၂ ၆၄၈ ၂၄၄၉
Email: monaffairsunion@yahoo.com